# နေပြည်တော်စည်ပင်သာယာရေးကော်မတီ
# တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန
# ဈေးခုံများနေရာချထားမှုကြီးကြပ်ရေးအဖွဲ့
# ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်၊ အသားထုတ်လုပ်ရောင်းချခွင့်ပြုသည့် ဈေးခုံများအတွက် စည်းကမ်းချက်များ

၁။ အသားထုတ်လုပ်ရောင်းချခွင့် (ဈေးခုံ) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား (သို့မဟုတ်) နိုင်ငံသားအဖြစ် လက်မှတ်ရရှိထားသူ၊ အသက်(၁၈)နှစ်ပြည့်၍ အမျိုးသားမှတ်ပုံတင် (သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြားကို အထောက်အထားအဖြစ် တင်ပြနိုင်သူဖြစ်ရမည်။

၂။ ဈေးခုံရရှိသူသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက် ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအား ဖောက်ဖျက်ကျူးလွန်ခြင်းမရှိကြောင်း စိစစ်တွေ့ ရှိရပြီး၂၀၂၃-၂၀၂၄ ခုဘဏ္ဍာရေးနှစ်အတွက် သက်ဆိုင်ရာဈေးခုံကို လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထား သဖြင့်သာ လုပ်ကိုင်ခွင့်ပြုခြင်းဖြစ်ကြောင်း သိရှိခံယူရမည်။

၃။ ယခင် အခွင့်အရေးလိုင်စင်/ဈေးခုံလုပ်ကိုင်ခွင့်တို့နှင့်ပတ်သက်၍ လိုင်စင်ကြေး/ ဈေးခုံကြေး၊ ဒဏ်ကြေးနှင့် အခြားပေးသွင်းရမည့်ငွေကြေးကျန်ရှိသူများ၊ နာမည်ပျက်စာရင်းဝင် ဖြစ်နေသူများနှင့် ၎င်းတို့၏ အိမ်ထောင်စုစာရင်းဝင် ဆွေမျိုးရင်းချာ(သားသမီး၊ ဇနီးစသည်)တို့ကို လုပ်ကိုင်ခွင့်ချထား ပေးမည်မဟုတ်ပါ။ လုပ်ကိုင်ခွင့်ချထားပေးပြီးမှ ယင်းအချက်အလက်များ စစ်ဆေးတွေ့ရှိပါက လုပ်ကိုင်ခွင့်ချထားခြင်းကို ပယ်ဖျက်မည်ဖြစ်ပါသည်။

၄။ ဈေးခုံလျှောက်ထား/ ရရှိသူများသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူဆောင်ရွက် ခြင်းခံနေရသော၊ ပြစ်ဒဏ်ကျခံနေရသော ပုဂ္ဂိုလ်မဖြစ်စေရ။ အဆိုပါ ပုဂ္ဂိုလ်ဖြစ်ကြောင်း စိစစ်တွေ့ ရှိပါက ဈေးခုံလျှောက်ထားခွင့်နှင့် ရရှိသည့်ဈေးခုံအား ပယ်ဖျက်၍ အာမခံစပေါ်ငွေကို ကော်မတီပိုင် အဖြစ် သိမ်းယူမည့်အပြင် နာမည်ပျက်စာရင်း (Black List)တွင် မှတ်တမ်းတင် ကြော်ငြာခြင်းခံရမည်။

၅။ ဈေးခုံလုပ်ကိုင်ခွင့်ပြုထားခြင်းနှင့်ပတ်သက်၍ လုပ်ငန်းကို (၁.၄.၂၀၂၃) ရက်နေ့မှ (၃၁.၃. ၂၀၂၄) ရက်နေ့အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သည်။

၆။ ဈေးခုံရရှိသူတစ်ဦးသည် ဈေးတစ်ဈေး၏ ဈေးနယ်နိမိတ်အတွင်း၌ သား/ငါးဆိုင်ခန်း (၁)ဆိုင် (ချိန်ခွင်တစ်ခု၊ စင်းနှီးတုံးတစ်တုံး)သာ ဖွင့်လှစ်ရောင်းချခွင့်ပြုမည်။

၇။ အသားဈေးနှုန်းများကို ကော်မတီမှသတ်မှတ်ပဲ ဈေးခုံရသူများမှ မိမိထုတ်လုပ်သော အသား (အမဲ၊ သိုး၊ ဆိတ်၊ ဝက်)များကို ဈေးပြိုင်စနစ်ဖြင့် အပြိုင်အဆိုင်လွတ်လပ်စွာ ရောင်းချနိုင်သည်။

၈။ ဈေးခုံလုပ်ကိုင်ခွင့်လျှောက်ထားသော အခွန်ထမ်းပြည်သူများသည် မြို့နယ်အခွန်ဦးစီးဌာန မှူးရုံး၏ အခွန်ကြွေးကျန်ကင်းရှင်းကြောင်း(သို့မဟုတ်) ပေးဆောင်ရမည့် အခွန်ငွေများအတွက်

လုံလောက်သော အစီအစဉ်များ ချမှတ်ပြီးကြောင်း၊ အခွန်ရုံး၏အထောက်အထားပါရှိတင်ပြနိုင်မှသာ စျေးခုံလုပ်ကိုင်ခွင့်ပြုခြင်းသည် အတည်ဖြစ်မည်။

၉။ ကော်မတီပိုင်သား/ငါးရုံဆိုင်ခန်းများ၊ ကော်မတီ၏အစီအစဉ်ဖြင့် ယာယီရောင်းချရန် သတ်မှတ်ပေးထားသော ဆိုင်ခန်းများအား စျေးခုံရရှိသူများအတွက် နေရာချထားပေးမှုနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်မည်-

(က) စျေးခုံရရှိသူတစ်ဦးဦးသည် ကော်မတီပိုင်သား/ငါးရောင်းချရန် ဆိုင်ခန်းများ၌ ယခင်ကတည်းက ဆိုင်ခန်းပိုင်ဆိုင်မှုရှိပါက အဆိုပါပုဂ္ဂိုလ်အား ကော်မတီပိုင်ဆိုင်ခန်းအလွတ်များ၌ ထပ်မံနေရာချထားပေးမည်မဟုတ်ဘဲ ၎င်း၏ မူလဆိုင်ခန်းနေရာ၌သာ ရောင်းချခွင့်ပြုမည်ဖြစ်သည်၊

( ခ ) ကျန်ရှိသည့်သား/ငါးရုံဆိုင်ခန်း ပိုင်ဆိုင်မှုမရှိသော စျေးခုံရရှိသူများအား ကော်မတီပိုင်သားငါးရုံဆိုင်ခန်း(သို့မဟုတ်)ကော်မတီမှ စီစဉ်ပေးမည့် ယာယီနေရာများအား မဲစနစ်ဖြင့် နေရာချထားပေးမည်ဖြစ်သည်၊

( ဂ ) အထက်အပိုဒ်ခွဲ(က)၊ (ခ)ပါအချက်များကို သဘောတူညီခြင်းမရှိပါက စျေးခုံရရှိသူများအနေဖြင့် မိမိအစီအစဉ်ဖြင့် ကော်မတီမှ သတ်မှတ်ထားသော သား/ငါးရုံအတွင်းရှိ သား/ငါးရုံ ဆိုင်ခန်းများတွင် ငှားရမ်း၍ ဖွင့်လှစ်ရောင်းချနိုင်သည်။

၁၀။ စျေးခုံလျှောက်ထားသူနှင့် ရရှိသူများသည် လုပ်ငန်းအာမခံတန်ဖိုးအထောက်အထား တင်ပြရာ၌ မြေနှင့်အဆောက်အဦအား တင်ပြမည်ဆိုပါက နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း မြေနှင့်အဆောက်အဦအမည်ပေါက်ပိုင်ဆိုင်သူဖြစ်ရမည်။ အမည်ပေါက်ပိုင်ဆိုင်မှု မဖြစ်သော်လည်း အဆိုပါမြေနှင့်အဆောက်အဦအား အရောင်းအဝယ်ပြုလုပ်ထားသည့် စာချုပ်မူရင်း၊ အဆိုပါစာချုပ်အပေါ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထားသော အထောက်အထားမူရင်း၊ အထူးကိုယ်စားလှယ်လွှဲစာတို့နှင့်တင်ပြနိုင်ရမည်(သို့မဟုတ်)လုပ်ငန်းတန်ဖိုးကိုလွှမ်းခြုံနိုင်သည့် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၌ အပ်နှံထားရှိသော ငွေစုစာအုပ်ကို ဌာနသို့ ပေးအပ်ထားရမည်။

၁၁။ အထက်အပိုဒ်(၁၀)ပါ လုပ်ငန်းအာမခံတန်ဖိုးတင်ပြသည့် အထောက်အထားများနှင့် ပတ်သက်၍ ကာလပေါက်စျေးမှန်ကန်ကြောင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ လေလံတင်ရောင်းချရေးအဖွဲ့၏ ရာပြတ်အဖွဲ့မှ စစ်ဆေးထောက်ခံချက်၊ ပိုင်ဆိုင်မှုတည်ရှိရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ သက်ဆိုင်ရာအဆောက်အဦဓါတ်ပုံနှင့် မြေကွက်ပိုင်ဆိုင်မှုအတွက်

အသားထုတ်လုပ်ရောင်းချခွင့်လုပ်ငန်းဆောင်ရွက်ရန် အကြောင်းအရာဖြင့် မြေစာရင်းပုံစံ (၁၀၅)နှင့် (၁၀၆)တို့ကို မြေငှားဂရန်/ဘိုးဘွားပိုင်မြေစာချုပ်စာတမ်း မှတ်ပုံတင်မှုရင်းနှင့်အတူ တင်ပြနိုင်ရမည်။

၁၂။ ဈေးခုံရရှိသူများသည် အာမခံငွေ(ဈေးခုံအလိုက်(၁)နှစ်အတွက် အချိုးကျသတ်မှတ်ပေးသွင်းရမည့် ဈေးခုံကြေး၏) ၁၀ပုံ ၁ပုံအား နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်သို့ ချက်ချင်းပေးသွင်းရမည်ဖြစ်သည်။ ၎င်းအာမခံငွေကို လုပ်ငန်းဆောင်ရွက်ပြီးစီးသည့်အခါ လုပ်ငန်းဆောင်ရွက်မှုအပေါ် ကျေနပ်မှုရှိမှသာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်ကုန်ပြီးမှ ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ခွင့် ကုန်ဆုံးသည့်နေ့မှ (၃)နှစ်အတွင်း ထုတ်ယူခြင်းမပြုပါက ထိုအာမခံငွေအား ကော်မတီပိုင်အဖြစ်သိမ်းယူမည်။

၁၃။ ဈေးခုံလျှောက်ထားသူသည် မိမိလျှောက်ထားလိုသည့်ဈေးခုံအတွက် လျှောက်လွှာပုံစံရယူပြီး လျှောက်လွှာအား ဌာနသို့ပြန်လည်တင်ပြလျှောက်ထားသည့်အခါ ဈေးခုံလျှောက်ထားမှု(တင်ဒါ) အာမခံကြေးအဖြစ် လျှောက်ထားသည့် ဈေးခုံလိုင်စင်အမည်(ဈေး)အတွက် သတ်မှတ်ထားသော အခြေခံဈေးနှုန်းတန်ဖိုး၏(၃၀%)နှင့်ညီမျှသောကျသင့်ငွေကို နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၌ (PO Cheque)ဖြင့် ပေးသွင်းထားပြီး (PO Cheque)မူရင်းအား လျှောက်လွှာနှင့် ပူးတွဲတင်ပြရမည်။ ဈေးခုံလျှောက်ထားရာတွင် လုပ်ငန်းအာမခံတန်ဘိုး အထောက်အထားတင်ပြမှုအတွက် လုပ်ငန်းတန်ဘိုးလွှမ်းခြုံနိုင်သည့် လျှောက်ထားသူအမည်ပေါက်ပိုင်ဆိုင်သော မြေနှင့် အဆောက်အဦ (သို့မဟုတ်) နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်တွင် အပ်နှံထားသော ဘဏ်ငွေစုစာအုပ်ကို လျှောက်လွှာနှင့်အတူ တင်ပြ၍ ဌာနသို့ပေးအပ်ရမည်။ ဈေးခုံလျှောက်ထားသူသည် လျှောက်ထားသည့် ဈေးခုံအား ကော်မတီမှ အတည်ပြုကြော်ငြာ၍ လုပ်ငန်းဆောင်ရွက်ခွင့်ပြုပြီးနောက် သတ်မှတ်ထားသော လုပ်ငန်းအာမခံကြေးများနှင့် လုပ်ငန်း အတွက် အရစ်ကျ/ အကြေပေးသွင်းရမည့်ငွေများ ပေးသွင်းခြင်း စသည်များအား ပျက်ကွက်ခြင်း၊ လုပ်ငန်းစတင်ဆောင်ရွက်မှုမရှိခြင်းနှင့် လိုင်စင်စည်းကမ်းများ ဖောက်ဖျက်ခြင်းများ စိစစ်တွေ့ရှိရပါက အဆိုပါဈေးခုံလျှောက်ထားသူ (တင်ဒါ) အာမခံကြေးငွေ တင်သွင်းထားသည့်(၃၀%)နှင့်ညီမျှသောငွေအား ကော်မတီပိုင်ဘဏ္ဍာငွေအဖြစ် သိမ်းယူမည်ဖြစ်ပြီး အမည်မဲစာရင်း ကြော်ငြာသွားမည် ဖြစ်ပါသည်။

၁၄။ ဈေးခုံရရှိသူများသည် ဈေးခုံအလိုက်သတ်မှတ်သည့် အခကြေးငွေမှာကျပ်(၁,၀၀၀,၀၀၀/-) (ကျပ်တစ်ဆယ်သိန်းတိတိ)ထက် မကျော်လွန်ပါက ငွေကို ချက်ချင်းပေးဆောင်ရမည်။ ဈေးခုံအလိုက်သတ်မှတ်သည့် အခကြေးငွေသည်(၂,၀၀၀,၀၀၀/-) (ကျပ်နှစ်ဆယ်သိန်းတိတိ)ထက် ကျော်

လွန်ပါက (၅)ရစ်ခွဲ၍ အချိုးကျပေးသွင်းရမည်။ ၂၀၂၃ ခုနှစ် ဧပြီလအတွက် ဈေးခံကြေး ပထမအရစ်အား ဈေးခံလုပ်ငန်းအာမခံနှင့်အတူ တစ်ပြိုင်တည်းပေးသွင်းရမည်ဖြစ်ပြီး ကျန်(၄)ရစ်အတွက် အောက်ပါ သတ်မှတ်ထားသည့်ရက်များတွင် နောက်ဆုံးထား၍ ပေးသွင်းရမည် -

| စဉ် | ပေးသွင်းရမည့်အရစ် | ပေးသွင်းရမည့်ရက် |
|---|---|---|
| ၁။ | ဒုတိယအရစ် | ၁၅.၅.၂၀၂၃ |
| ၂။ | တတိယအရစ် | ၁၅.၇. ၂၀၂၃ |
| ၃။ | စတုတ္ထအရစ် | ၁၅.၉.၂၀၂၃ |
| ၄။ | ပဉ္စမအရစ် | ၁၅.၁၁.၂၀၂၃ |

၁၅။ အထက်အပိုဒ်(၁၃)ပါ လစဉ်ပေးသွင်းရမည့်နေ့ရက်သည် ရုံးပိတ်ရက်နှင့် တိုက်ဆိုင်ပါက ကြိုတင်၍ ပေးဆောင်ရမည်။ ပေးသွင်းရမည့်ရက်ထက် နောက်ကျပေးသွင်းပါက (၁)ရက်လျှင် ငွေ(၁၀၀)ကျပ်အတွက် (၁)ကျပ်နှုန်း ရက်လွန်ဒဏ်ကြေးအဖြစ်ပေးဆောင်ရမည်။ အရစ်ကျ ပေးသွင်းရန်ငွေကို ပေးသွင်းရမည့် ရက်မှ(၃၀)ရက်ထက်ပို၍ နောက်ကျလျှင် ဈေးခံလုပ်ကိုင်ခွင့်ပြုထားခြင်းမှ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပြီး ပေးသွင်းထားသောအာမခံငွေနှင့် အခွန်ငွေများကို ကော်မတီပိုင်အဖြစ် သိမ်းယူမည်။ လစဉ်ပေးသွင်းရမည့်ငွေကို လုပ်ငန်းအာမခံငွေနှင့် ခုနှိမ်ပေးသွင်းခွင့်မပြုပါ။ အခွန်ငွေကို နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှအပ အခြားမည်သည့်နေရာတွင်မှ ပေးသွင်းခြင်းမပြုရ။ ငွေပေးသွင်းပြီးတိုင်း ငွေသွင်းချလံကို တောင်းခံရယူပြီး မူရင်းကို ဌာနသို့ ပေးအပ်၍ မိတ္တူကို မိမိထံတွင် သိမ်းဆည်းထားရမည်။

၁၆။ ဈေးခံရရှိသူသည် ဌာနမှ လုပ်ကိုင်ခွင့်ပြုသည့် အကြောင်းကြားစာရရှိသည့် အချိန်မှစတင်၍ ရက်(၃၀)အတွင်း လုပ်ငန်းဆောင်ရွက်ခွင့်စာချုပ် ချုပ်ဆိုရမည်။ စာချုပ်ချုပ်ဆို၍ ကျသင့်သော အခွန်တော်ငွေတံဆိပ်ခေါင်းခ၊ မှတ်ပုံတင်ခများအား လုပ်ကိုင်ခွင့်ရရှိသူမှ ကျခံရမည်။

၁၇။ ဈေးခံတစ်ခုချင်းအလိုက် သက်ဆိုင်သည့် အသေးစိတ်စည်းကမ်းချက်များအား စာချုပ် ချုပ်ဆိုသည့်အခါတွင် ထည့်သွင်းရေးဆွဲချုပ်ဆိုသွားမည်။

၁၈။ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်များ၏ အသားထုတ်လုပ်ရောင်းချခွင့်(ဈေးခံ)ရရှိသူများသည် နေပြည်တော်စည်ပင်သာယာရေး ကော်မတီပိုင် အသားထုတ်လုပ်ရေးနယ်မြေ(ရွှေနံ့သာ)၊ တပ်ကုန်းမြို့နယ်၏ အသားထုတ်လုပ်ရောင်းချခွင့် ဈေးခံရရှိသူများသည် ကော်မတီပိုင်အသားထုတ်နယ်မြေ(တပ်ကုန်း)တို့၌သာ အသားထုတ်လုပ်ခြင်းလုပ်ငန်းအား နေ့စဉ်သတ်မှတ်အချိန်အတွင်း ဆောင်ရွက်ရမည်။ အခါအားလျော်စွာ

ခရီးသွားလာခွင့်ကန့်သတ်သော အမိန့်ထုတ်ပြန်ထားသည့်ကာလအတွင်း ဌာနမှသတ်မှတ်ပေးသော အချိန်အတွင်းသာ ဈေးခုံရရှိသူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည်။

၁၉။ ကော်မတီပိုင်အသားထုတ်နယ်မြေတို့တွင် အသားထုတ်လုပ်၍ သက်ဆိုင်ရာကော်မတီပိုင် ဈေးများတွင် ရောင်းချမည့်ဈေးခုံရရှိသူများသည် အသားထုတ်လုပ်မည့်တိရစ္ဆာန် (ဝက်၊ ကျွဲ/နွား၊ သိုး/ဆိတ်)များအား ကော်မတီပိုင်အသားထုတ်နယ်မြေများသို့ နံနက်(၀၆:၀၀)နာရီမှ (၁၈:၀၀)နာရီ အတွင်း လာရောက်ပို့ဆောင်ထားရမည်။

၂၀။ လယ်ဝေးမြို့နယ်၊ တပ်ကုန်းမြို့နယ်(ကော်မတီပိုင် သားသတ်ရုံတွင် လာရောက်ထုတ်လုပ်ရမည့် အချိန်မတိုင်မီအထိ)နှင့် ဇေယျာသီရိမြို့နယ်(ရေဆင်း)၏ ဈေးခုံရရှိသူများသည် သင့်လျော်သော နေရာများ၌ အဝေးရောက်(ယာယီ) သားသတ်ရုံများဖြင့် အသားထုတ်လုပ်ခွင့်ပြုမည်ဖြစ်သည်။ အဝေးရောက်(ယာယီ)သားသတ်ရုံမြေနေရာ ရွေးချယ်ခွင့်ပြုမှုနှင့်ပတ်သက်၍ ဈေးခုံရရှိသူများအနေဖြင့် ဘာသာရေးဆိုင်ရာအဆောက်အဦများ၊ စာသင်ကျောင်းများ၊ ရပ်ကွက်/ ကျေးရွာအတွင်း လူနေအိမ်များ အနီးဝန်းကျင်တွင်မဖြစ်စေဘဲ သင့်လျော်သောနေရာများအား ဦးစားပေးအလိုက် လျှောက်ထားတင်ပြရမည်။ အဆိုပါအဝေးရောက် (ယာယီ)သားသတ်ရုံများအား ဈေးခုံရရှိသူများမှ စရိတ်ကျခံ၍ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ အသားထုတ်လုပ်ခွင့် တင်ပြလျှောက်ထားနိုင်သည်။ ဌာနအနေဖြင့် တင်ပြလျှောက်ထားလာမှုအပေါ် ကွင်းဆင်းစစ်ဆေး၍ ကော်မတီ၏ ခွင့်ပြုချက်ရယူပြီး အဝေးရောက်(ယာယီ)သားသတ်ရုံ ခွင့်ပြုမိန့်အား အကြောင်းကြားပေးမည်ဖြစ်သည်။

၂၁။ ဈေးခုံရရှိသူများအနေဖြင့် ကော်မတီ၏လမ်းညွှန်ချက်အရ အဝေးရောက်(ယာယီ) သားသတ်ရုံမြေနေရာသတ်မှတ်မှုအတွက် ဧရိယာအလိုက် အသားအမျိုးအစား ရောင်းချခွင့်တူသူများအား ပေါင်းစည်းထုတ်လုပ်ရန် ညွှန်ကြားလာပါက ဈေးခုံရရှိသူများအနေဖြင့် လိုက်နာရမည်။ ဈေးခုံရရှိသူများသည် ကော်မတီ၏ အဝေးရောက်(ယာယီ)သားသတ်ရုံ ခွင့်ပြုသည့် အမိန့်တစ်စုံတစ်ရာမရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းမပြုရ။ အဝေးရောက်(ယာယီ)သားသတ်ရုံနှင့်ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာသည့်အတွက် နေရာရွှေ့ပြောင်းပြီး လုပ်ငန်းဆောင်ရွက်ရန် ကော်မတီမှဆုံးဖြတ်ပါက ဈေးခုံရရှိသူအနေဖြင့် ရွှေ့ပြောင်းဆောင်ရွက်မည့်နေရာသစ်အား ရွေးချယ်အဆိုပြု၍ တင်ပြရမည်ဖြစ်ပြီး လက်ရှိဆောင်ရွက်နေသည့်နေရာအား ချက်ချင်းဖျက်သိမ်းပေးရမည်။

၂၂။ အဝေးရောက်(ယာယီ)သားသတ်ရုံ၏ အဆိုပြုမြေနေရာအား ဈေးခုံလုပ်ကိုင်ခွင့်ရရှိကြောင်း အကြောင်းကြားစာရရှိသည့်နေ့မှ (၁၄)ရက်အတွင်း ဌာနသို့ အဆိုပြုတင်ပြရမည်။ ဘဏ္ဍာရေးနှစ် စတင်သည့်နေ့အထိ တင်ပြနိုင်ခြင်းမရှိပါက အသားထုတ်လုပ်ခွင့်အား ယာယီရပ်ဆိုင်းထားမည်ဖြစ်သည်။ နေပြည်တော်စည်ပင်သာယာရေးကော်မတီပိုင် အသားထုတ်လုပ်ရေးနယ်မြေများ ဖွင့်လှစ်ပြီးပါက အသားထုတ်လုပ်ခြင်းလုပ်ငန်းအား ကော်မတီပိုင်အသားထုတ်နယ်မြေတွင် နေ့စဉ်သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ရမည်။

၂၃။ အကယ်၍ ဈေးခုံရရှိသူတစ်ဦးသည် ကော်မတီပိုင်သားသတ်ရုံ၌ သတ်မှတ်ထားသော သားသတ်ခွင့်အား ရရှိထားသည့်အပြင် အဝေးရောက်(ယာယီ)သားသတ်ရုံဇရိယာ၌ သတ်မှတ်ထားသော ဈေးခုံအား ရရှိခဲ့သည့်အခါ၌ ကော်မတီပိုင်သားသတ်ရုံတွင် ထုတ်လုပ်ရမည့် အသားအား ထုတ်လုပ်ခြင်းမရှိဘဲ အဝေးရောက်သားသတ်ရုံ၌ ပူးပေါင်း၍ အသားထုတ်လုပ်ပြီး ကော်မတီပိုင်သားသတ်ရုံဇရိယာအတွင်းဈေးခုံ၌ လာရောက်ရောင်းချခြင်းကိစ္စရပ်များရှိခဲ့ပါက (သို့မဟုတ်) အဝေးရောက်(ယာယီ)သားသတ်ရုံတွင် ထုတ်လုပ်ရမည့်အသားအား ထုတ်လုပ်ခြင်းမရှိဘဲ ကော်မတီပိုင်သားသတ်ရုံ၌ တစ်ပါတည်းထုတ်လုပ်၍ အဝေးရောက်သားသတ်ရုံဇရိယာဈေးခုံသို့ သွားရောက်ရောင်းချမည်ဆိုပါက ကော်မတီအနေဖြင့် ဒုတိယနည်းဖြစ်သည့် အဝေးရောက်(ယာယီ)သားသတ်ရုံ၌ ထုတ်လုပ်ခြင်းမရှိဘဲ ကော်မတီပိုင်သားသတ်ရုံ၌ ပူးပေါင်းထုတ်လုပ်၍ အဝေးရောက်သားသတ်ရုံ ဇရိယာဈေးခုံသို့တင်၍ ရောင်းချသည့်အသားထုတ်လုပ်ခွင့်ကိုသာ ခွင့်ပြုပေးမည်ဖြစ်သည်။

၂၄။ ဈေးခုံရရှိသူများသည် သတ်မှတ်ထားသော ကော်မတီပိုင်အသားထုတ်လုပ်ရေးနယ်မြေတွင်သာ အသားထုတ်လုပ်ရမည်ဖြစ်ပြီး ကော်မတီပိုင်အသားထုတ်လုပ်ရေးနယ်မြေတွင် ထုတ်လုပ်ထားသော အသားမဟုတ်သည်ကို စစ်ဆေးတွေ့ရှိပါက သတ်မှတ်စည်းကမ်းဖောက်ဖျက်မှုအတွက် ပထမအကြိမ်ကျူးလွန်သူအား ကော်မတီမှ စီမံခန့်ခွဲရေးဆိုင်ရာဒဏ်ကြေးငွေ အနည်းဆုံး ကျပ်(၁၀,၀၀၀/-)မှ အများဆုံး ကျပ်(၁၀၀,၀၀၀/-) ချမှတ်မည်ဖြစ်ပြီး စတုတ္ထအကြိမ်ထပ်မံ ဖောက်ဖျက်ကျူးလွန်ပါက နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်းခံရပါက သားသတ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုချက်အား ပယ်ဖျက်၍ သားသတ်လုပ်ငန်းဆောင်ရွက်ခြင်းအား ပြန်လည်သိမ်းယူမည်ဖြစ်သည်။

၂၅။ ဈေးခုံရရှိသူသည် အသားထုတ်လုပ်ရောင်းချသည့်လုပ်ငန်းကို ကိုယ်စားလှယ်လွှဲအပ်ခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်း၊ ထပ်ဆင့်ရောင်းချခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရ။ သို့သော်လည်း ဈေးခုံရရှိသူသည် လုပ်ငန်းအား ကိုယ်တိုင်မဆောင်ရွက်နိုင်သည့်အတွက် လုပ်ငန်းကြီးကြပ်ဆောင်ရွက်ခြင်းလုပ်ငန်းအား ဈေးခုံရရှိသူအနေဖြင့် တာဝန်ပေးအပ်မည့် ပုဂ္ဂိုလ်ကို ကိုယ်စားလှယ်ခန့်အပ်ကြောင်း အထောက်အထားများကို ကိုယ်ရေးအချက်အလက်များနှင့်အတူပူးတွဲ၍ ဌာနသို့တင်ပြရမည်။ အဆိုပါတင်ပြချက်အား ဌာနအနေဖြင့် ကော်မတီ၏ခွင့်ပြုချက်ရယူပြီး ခွင့်ပြုပေးမည်ဖြစ်သည်။

၂၆။ ကော်မတီပိုင်အသားထုတ်နယ်မြေတွင် အသားထုတ်လုပ်မည့်ဈေးခုံရရှိသူများသည် အသားထုတ်လုပ်နယ်မြေသို့ ဝင်ရောက်ဆောင်ရွက်မည့် ကား၊ ယာဉ်မောင်း၊ ကြီးကြပ်သူ၊ လုပ်သားများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များအား ဌာနသို့ တင်ပြထားရမည်။ ပြောင်းလဲမှု တစ်စုံတစ်ရာ ပြုလုပ်လိုပါက လိုအပ်သောအချက်အလက်များအား ဌာနသို့ ထပ်မံတင်ပြရမည်။

၂၇။ အသားထုတ်လုပ်ရောင်းချခွင့်(ဈေးခုံ)ရရှိသူသည် တိရစ္ဆာန်(အမဲ၊ သိုး၊ ဆိတ်၊ ဝက်) ထုတ်လုပ်ကောင်ရေစာရင်းအား ပြည်သူများစားသုံးမှု ဖူလုံရေးအတွက် ထုတ်လုပ်ရန်လိုအပ်ချက်၊ ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်ရန်လျာထားချက်ပြည့်မီအောင် ထုတ်လုပ်ဆောင်ရွက်ရမည်။ အသားထုတ်လုပ်ရောင်းချခွင့်(ဈေးခုံ)ရရှိသူသည် မိမိလစဉ်ထုတ်လုပ်သော တိရစ္ဆာန်(အမဲ၊ သိုး၊ ဆိတ်၊ ဝက်) ကောင်ရေစာရင်းအရ ထုတ်လုပ်ကောင်ရေကြေးများကို ထုတ်လုပ်မည့်လ၏ လဆန်း(၅)ရက်နေ့ မတိုင်မီ မပျက်မကွက်ပေးသွင်းရမည်။ ပေးသွင်းရမည့်ရက်ထက် နောက်ကျပေးသွင်းပါက (၁)ရက်လျှင် ငွေ(၁၀၀)ကျပ်အတွက် (၁)ကျပ်နှုန်း ရက်လွန်ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်။ ထုတ်လုပ်ကောင်ရေကြေး ပေးသွင်းရန်ငွေကို ပေးသွင်းရမည့်ရက်မှ (၉၀)ရက်ထက်ပို၍ နောက်ကျလျှင် ဈေးခုံလုပ်ကိုင်ခွင့်ပြုထားခြင်းမှ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပြီး ပေးသွင်းထားသော အာမခံငွေနှင့် အခွန်ငွေများကို ကော်မတီပိုင်အဖြစ် သိမ်းယူမည်။

၂၈။ အသားထုတ်လုပ်ရောင်းချခွင့်(ဈေးခုံ)ရရှိသူသည် ကော်မတီမှ ပေးသွင်းရန် သတ်မှတ်ထားသည့် အခွန်၊ အခ၊ အကောက်များကို သတ်မှတ်ကာလအတွင်း ပေးသွင်းရမည်။

၂၉။ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ပေးအပ်သူ(**သို့မဟုတ်**)ဌာနမှ တာဝန်ပေးအပ်သူတို့မှ အသားထုတ်လုပ်ရောင်းချမှုလုပ်ငန်းအား အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးခြင်းကို ခံယူရမည်။

၃၀။ လုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း လုပ်ငန်းပြန်လည်အပ်နှံခြင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးခြင်းများအတွက် အခွန်ငွေလျော့ပေါ့ရန်အတွက်လျှောက်ထားလာပါက လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃၁။ သားသတ်ရုံအဆောက်အအုံနှင့် ဆိုင်ခန်းအတွင်း/အပြင်သန့်ရှင်းရေး၊ အသေးအဖွဲပြင်ဆင်ရေးကို မိမိပိုင်ပစ္စည်းကဲ့သို့ ဈေးခုံရရှိသူက ဆောင်ရွက်ရမည်။ အဆောက်အအုံများ၏ လုံခြုံရေးနှင့် မီးဘေးလုံခြုံရေးကိစ္စများကို တာဝန်ယူရမည်။

၃၂။ ဈေးခုံရရှိသူသည် ဈေးခုံရောင်းချမှု၊ အသားထုတ်လုပ်ရောင်းချမှုတို့နှင့် ပတ်သက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း(Bye-Laws)၊ အမိန့်နှင့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

လိုက်နာဆောင်ရွက်ခြင်းမရှိပါက နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်သည်။

၃၃။ အသားထုတ်လုပ်ရောင်းချခွင့်ရရှိသူသည် လုပ်ကိုင်ခွင့်ချထားပေးသည့်ကာလအတွင်း အသုံးပြုခွင့်ပေးထားသည့် အဆောက်အအုံတွင် နိုင်ငံတော်မှ တားမြစ်ပိတ်ပင်ထားသည့် ဥပဒေနှင့် မလွတ်ကင်းသောကိစ္စရပ်များ ဖြစ်ပွားပေါ်ပေါက်မှုမရှိအောင် ဆောင်ရွက်ရမည်။ အကယ်၍ ပြဿနာ ပေါ်ပေါက်လာပါက ဈေးခံ့ရရှိသူ၏ တာဝန်သာဖြစ်သည်။

၃၄။ ဈေးခံ့ရရှိသူသည် ရရှိသည့်ဈေးအလိုက် ကော်မတီပိုင်အသားရောင်းဆိုင်ခန်းများ၊ ကော်မတီမှ စီစဉ်ပေးသော ယာယီအသားရောင်းဆိုင်များ၏ လျှပ်စစ်ဓါတ်အားခ၊ တယ်လီဖုန်းအသုံးပြုခ၊ ရေဖိုးရေခ၊ သန့်ရှင်းရေးစရိတ်၊ ဈေးဆိုင်ခန်းခွန်၊ ဈေးဆိုင်ခန်းနှစ်စဉ်မှတ်ပုံတင်ကြေး၊ အခြားအထွေထွေအသုံးစရိတ်များနှင့် အခွန်၊ အခကို ဈေးခံ့ရရှိသူမှသာကျခံဆောင်ရွက်ရမည်။

၃၅။ အကြောင်းအမျိုးမျိုးကြောင့် လုပ်ကိုင်ခွင့်ရပ်ဆိုင်းသည်ဖြစ်စေ၊ ဘဏ္ဍာရေးနှစ် တစ်နှစ်ကုန်ဆုံးပြီး နောက်တစ်နှစ်အတွက် ဆက်လက်မလုပ်ကိုင်လိုပါကဖြစ်စေ လုပ်ကိုင်ခွင့်ရရှိသူသည် သက်ဆိုင်ရာဌာနသို့ မိမိလက်ခံစဉ်က အနေအထားအတိုင်း ဈေးဆိုင်ခန်းကို စနစ်တကျ လွှဲပြောင်းပေးအပ်ရမည်။

၃၆။ ဈေးခံ့ရရှိသူသည် မိမိထံမှ အသားကိုဝယ်ယူ၍ သတ်မှတ်နယ်မြေအတွင်း နည်းလမ်းတစ်မျိုးမျိုးဖြင့် သယ်ဆောင်ပြီး လှည့်လည်ရောင်းချလိုသူများရှိပါက ထိုသူများအား အသားရောင်းချခွင့်ကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် ရောင်းချလိုသူများ၏ အမည်စာရင်း၊ ဓါတ်ပုံနှင့် သားငါးရောင်းချခွင့် လျှောက်လွှာတို့အားစုစည်း၍ လှည့်လည်သယ်ဆောင်ရောင်းချမည့် အစီအမံနှင့်အတူ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနသို့ ထောက်ခံတင်ပြရမည်။ သတ်မှတ်နယ်မြေအတွင်း လှည့်လည်သားငါးရောင်းချခွင့်ရရှိသူများသာ အသားများရောင်းချခွင့်ရှိသည်။ ထိုအရောင်းဈေးသည်များသည် ခွင့်ပြုထားသော နည်းလမ်းတစ်မျိုးမျိုးဖြင့် အသားများကိုသယ်ဆောင်ပြီး ဈေးခံ့ရရှိသူ၏ သတ်မှတ်ထားသော နယ်မြေအတွင်း၌သာ ရောင်းချစေရေး၊ အခြားဈေးခံ့နယ်မြေများ၌ သွားရောက်ရောင်းချမှုမရှိစေရေးတို့ကို တာဝန်ယူဆောင်ရွက်ပေးရမည့်အပြင် ၎င်းတို့၏ စည်းကမ်းဖောက်ဖျက်မှုသည် မူရင်းဈေးခံ့ရောင်းချခွင့်ရှိသူ၏ ဖောက်ဖျက်မှုဟု မှတ်ယူမည်။

၃၇။ ဈေးခုံရရှိထားသူသည် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်စာချုပ်ပါ အချက်အလက်များကိုလည်းကောင်း၊ အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း ဖောက်ဖျက်ကြောင်းစိစစ်တွေ့ရှိပါက နေပြည်တော်စည်ပင်သာယာရေးဥပဒေ၊ ဌာနမှထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ(Bye-Laws)နှင့် စာချုပ်ပါသဘောတူညီချက်များအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။ ဌာနမှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် စာချုပ်ပါသဘောတူညီချက်အတိုင်း ဖောက်ဖျက်ကျူးလွန်မှုများအား (၃)ကြိမ်အထိ အရေးယူဆောင်ရွက်ပြီး၍ ထပ်မံဖောက်ဖျက်မှုများအတွက် နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်းခံရပါက ဈေးခုံလုပ်ကိုင်ခွင့်အား ချက်ချင်းပြန်လည်ရုပ်သိမ်းပြီး ၎င်းမှတင်သွင်းထားသော အာမခံငွေများကို ကော်မတီပိုင်အဖြစ်သိမ်းယူ၍ နာမည်ပျက်စာရင်းကြေညာမည်ဖြစ်ပါသည်။ ပေးသွင်းရန် ကျန်ရှိငွေများကိုလည်း တရားစွဲဆိုတောင်းခံမည် ဖြစ်ပါသည်။

၃၈။ ဈေးခုံရရှိသူများသည် မိမိလစဉ်ထုတ်လုပ်ရသော တိရစ္ဆာန်(အမဲ၊သိုး၊ဆိတ်၊ဝက်) ကောင်ရေစာရင်းအရ ထုတ်လုပ်ကောင်ရေကြေးပေးသွင်းမှု၊ အသားထုတ်လုပ်မည့် တိရစ္ဆာန်များအတွက် သတ်မှတ်ထားသော စည်းကမ်းသတ်မှတ်ချက်များနှင့်ပတ်သက်၍ ကော်မတီမှ(၂၁.၃.၂၀၁၆)ရက်နေ့တွင်ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၆)၊ (၁၅.၂.၂၀၁၇)ရက်နေ့တွင် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ်(၆/၂၀၁၇)အရ “နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သားသတ်ရုံများတည်ထောင်ခြင်း၊ စားသုံးရန်တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်းနှင့် အသားရောင်းချခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ကိုင်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်အုပ်ချုပ်ခြင်းဆိုင်ရာစည်းကမ်းများ”၊ (Bye-Laws)အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၃၉။ ဤဈေးခုံအများစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုခြင်းသည် ဈေးခုံရရှိသူများအတွက် ၂၀၂၃ ခုနှစ်ဧပြီလမှ ၂၀၂၄ ခုနှစ် မတ်လအထိ ဘဏ္ဍာရေးနှစ်အတွင်းသာ ခွင့်ပြုထားခြင်းဖြစ်ကြောင်း သိရှိမှတ်ယူရမည်။ အခြားသိရှိလိုသော အချက်အလက်များရှိပါက ရုံးချိန်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာနသို့ လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။ စုံစမ်းမေးမြန်းခြင်းမရှိခဲ့သော် ဈေးခုံရရှိသူသည် ဤစည်းကမ်းချက်များကို သိရှိနားလည်ပြီးဖြစ်သည်ဟုမှတ်ယူမည် ဖြစ်ပါသည်။

**ဈေးခုံများနေရာချထားမှုကြီးကြပ်ရေးအဖွဲ့**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**